## မောင်ဝံသ၏ အမှာစာ

ဆရာမ ခင်မာလာကြာဖြူရဲ့ ယခု စာအုပ် ခေါင်းစဉ် "မြစ်လို သစ်ပင်လို မိုးလိုလူ" ကို ကျွန်တော် ရွေးပေးလိုက်တာပါ။ ဆောင်းပါး ၄၇ ပုဒ်ထဲက အားလုံးလိုလိုကို ကျွန်တော်တို့ ကြိုက်နှစ်သက်ပါတယ်။ တောင်ငူမြို့မှာ နေထိုင်တဲ့ ဆရာမက စာအုပ်ခေါင်းစဉ်ကို ကျွန်တော် နှစ်သက်သလို ပေးလိုက်ပါလို့ လွှဲအပ်တဲ့အတွက် ကျွန်တော့်အကြိုက် ရွေးလိုက်ခြင်းပါပဲ။

ယခုစာအုပ်က ကျွန်တော့်ဇနီး ဦးစီးလုပ်ကိုင်နေတဲ့ ဒေါင်းစာပေရဲ့ ခင်မာလာကြာဖြူ ဒုတိယအုပ် ဖြစ်ပါတယ်။ ခင်မာလာကြာဖြူ ပထမစာအုပ် "သမိုင်းမှ ထွက်ပြေးခြင်းနှင့် အတွေးအမြင် ဆောင်းပါးများ" ထုတ်ဝေစဉ် လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ကျွန်တော် အိမ်မှာ မရှိလို့ မကူညီခဲ့ရပါဘူး။ အခုတော့ ပုံနှိပ်ရေးကိစ္စတွေမှာ ကျွန်တော်ကိုယ်တိုင် ကြီးကြပ်ပေးနိုင်ပါတယ်။

ဆရာမ ခင်မာလာကြာဖြူရဲ့စာတွေကို အယ်ဒီတာတစ်ယောက်အနေနဲ့ သာမက ဆရာမရဲ့ စာဖတ်ပရိသတ် တစ်ယောက်အနေနဲ့ပါ ကျွန်တော်တို့ ဖတ်ခဲ့တာ ကြာပါပြီ။ ဆယ်စုနှစ် နှစ်စုမက ကြာခဲ့ပါပြီ။ ဆရာမရဲ့ဆောင်းပါးတွေဟာ အတွေးအမြင်နဲ့ အံကိုက်ပါပဲ။ ကျွန်တော်က မြန်မာစာရေးဆရာတွေဆီက ဖြစ်နိုင်သမျှ ပင်ကိုတွေး ပင်ကိုရေးတွေ လိုချင်တယ်။ ဆရာမက အဲသလို "ပင်ကိုရေး" ကောင်းကောင်း ထွက်တဲ့ စာရေးသူတစ်ယောက် ဖြစ်နေပါတယ်။

ခင်မာလာကြာဖြူဟာ လောကကို ဘာအရောင်မှ မဆိုးဘဲ ရှုမြင်သူ ဖြစ်တယ်။ မိမိအပေါ် ထိခိုက်တဲ့အတိုင်း ခံစားရေးဖွဲ့တယ်။ ရံဖန်ရံခါ ညည်းညူမယ်၊ ရံဖန်ရံခါ စိတ်ပျက်မယ်၊ ရံဖန်ရံခါ ဒေါသထွက်မယ်၊ ရံဖန်ရံခါ အလှအပကို ခံစားမယ်၊ ရံဖန်ရံခါ တရားသဘောကို ဆင်ခြင်မယ်၊ ရံဖန်ရံခါ မာန်တင်းမယ်၊ ဆရာမဟာ လူတိုင်းလူတိုင်းရဲ့ ရင်ထဲက အသံတွေကို ထင်ဟပ်နိုင်သူဖြစ်တယ်။

စာအုပ်ခေါင်းစဉ် ပေးထားတဲ့ ဆောင်းပါးထဲက ခင်မာလာကြာဖြူရဲ့ဆန္ဒတွေဟာ လောကအပေါ်ထားရှိတဲ့ စေတနာပဲ ဖြစ်ပါတယ်။ နှစ်သက်ဖွယ်။

မိမိရေကို မိမိမသောက်သော "မြစ်" ဖြစ်လို၏။
မိမိအသီးကို မိမိပြန်မစားသော "သစ်ပင်" ဖြစ်လို၏။
မိမိသွန်းလောင်းသော ရေဖြင့် ရှင်သန်ခဲ့ရသော ကောက်ပဲသီးနှံတို့ကို
တစ်ခါတရံမျှမစားသော "မိုး" ဖြစ်လို၏။
မိမိဥစ္စာသည် သူတစ်ပါး အကျိုးအတွက် သုံးသောသူ ဖြစ်လို၏။ ဖြစ်လိုပါ၏။

ခင်မာလာကြာဖြူရဲ့ အတွေးစာများကို ဖတ်ရင်း ဆရာမနဲ့ တူညီသော ခံစားချက်များကို စာချစ်သူများ တွေ့ရှိကြမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

မောင်ဝံသ
၁ ဩဂုတ် ၂၀၁၀

# မြစ်လို သစ်ပင်လို မိုးလိုလူ

**ခင်မာလာကြာဖြူ**

**(အတွေးအမြင် ဆောင်းပါးများ)**


| | |
|---|---|
| ၁။ နှုတ်ချွန်းသည်မှ | ၉ |
| ၂။ အတ္တကမ္ဘာ | ၁၃ |
| ၃။ ကျန်းမာသည် ဆိုရာဝယ် | ၁၇ |
| ၄။ မျှော်လင့်ချက် | ၂၃ |
| ၅။ စာရိတ္တနှင့် ယုံကြည်မှု | ၂၉ |
| ၆။ မေမေ့အိမ်ကလေး | ၃၅ |
| ၇။ အပေါသိက် | ၃၉ |
| ၈။ သူ့အကြောင်းနဲ့သူဆိုတာ | ၄၃ |
| ၉။ အတွေ့အကြုံ | ၄၉ |
| ၁၀။ အချိန်အခါ | ၅၅ |
| ၁၁။ ကျေးဇူး | ၆၀ |
| ၁၂။ ငါနှင့်ငါ့ဘာ | ၆၇ |
| ၁၃။ လဏ်အရိပ် | ၇၃ |
| ၁၄။ အကယ်၍သာ | ၇၉ |
| ၁၅။ လိုအင်ဆန္ဒ | ၈၃ |
| ၁၆။ ညဏ် | ၈၇ |
| ၁၇။ သံဝေဂ | ၉၅ |
| ၁၈။ သံသရာ | ၁၀၁ |
| ၁၉။ မိမိကိုယ်ကို စောင့်ရှောက်ခြင်း | ၁၀၇ |
| ၂၀။ ပညာပေးခြင်း | ၁၁၅ |
| ၂၁။ ဖန်တီးနိုင်သောစွမ်းအင် | ၁၂၁ |
| ၂၂။ ကိုယ်ကျင့် သိက္ခာ | ၁၂၇ |
| ၂၃။ ဘဝနှင့် ငွေ | ၁၃၃ |
| ၂၄။ ကံကြမ္မာဝန်ထမ်း | ၁၃၉ |
| ၂၅။ စိတ် | ၁၄၅ |
| ၂၆။ သင်ရိုက်မှာလား ဖျိုးမှာလား | ၁၅၁ |





| | |
|---|---|
| ၂၇။ ဆုပေးသည်ဆိုရာဝယ် | ၁၅၇ |
| ၂၈။ သေခြင်းမှာ ရှင်နေသူ | ၁၆၃ |
| ၂၉။ 'သင်ပေး'ချင်သလား 'သင်ယူ'ချင်သလား | ၁၆၉ |
| ၃၀။ ပုံရိပ်နှင့်လူ | ၁၇၅ |
| ၃၁။ ခရီးနှင့်ပန်းတိုင် | ၁၈၃ |
| ၃၂။ ခရီးနှင့် လမ်း | ၁၈၉ |
| ၃၃။ ဆုံးဖြတ်ချက်နှင့်လူ | ၁၉၇ |
| ၃၄။ ဒုက္ခဒသနာ | ၂၀၃ |
| ၃၅။ ကိုယ်ကျင့်တရားရွှေခေတ် | ၂၁၁ |
| ၃၆။ နဂိုတည်ကြည် စိတ်မြတ်သည်လည်း | ၂၁၉ |
| ၃၇။ ဒုက္ခမပေးပါနဲ့ | ၂၂၇ |
| ၃၈။ မည်သို့သောလူနည်း | ၂၃၃ |
| ၃၉။ ကံကြမ္မာ လက်ဆောင် | ၂၃၉ |
| ၄၀။ မြစ်လို သစ်ပင်လို မိုးလို လူ | ၂၄၅ |
| ၄၁။ ပြောင်းလဲလာသည့် အမြင်များ | ၂၅၃ |
| ၄၂။ နိုင်ငံ့ မဏ္ဍိုင် | ၂၆၁ |
| ၄၃။ ပတ်ဝန်းကျင်နှင့် ဘဝ | ၂၆၇ |
| ၄၄။ အနိစ္စ | ၂၇၇ |
| ၄၅။ ကောင်းမှုပြုတ်နိုး ကောင်းအောင်ကြိုး၍ | ၂၈၅ |
| ၄၆။ အဝိဇ္ဇာ | ၂၉၁ |
| ၄၇။ လောကကို အမှိုက်ဆင်သူ | ၂၉၇ |